ပြည်ထောင်စုလွှတ်တော်ရုံး

သုတေသနဌာန

၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်

# ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအချက်အလက်များ

**အကျဉ်းချုပ်**

ဉာဏပစ္စည်းဆိုသည်မှာ စာပေနှင့် အနုပညာလုပ်ငန်းများ တီထွင်ဖန်တီးမှုနှင့် ကုန်သွယ်ရေး လုပ်ငန်းများတွင် အသုံးပြုသော ဒီဇိုင်းများ၊ သင်္ကေတများ၊ အမည်များနှင့် ရုပ်ပုံများ စိတ်ကူး ဖန်တီးခြင်းကို ရည်ညွှန်းပါသည်။ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးသည် တီထွင်ဖန်တီးသူများအား ၎င်းတို့၏ တီထွင်ဖန်တီးမှုမှ ရရှိသော ပစ္စည်းများအပေါ် အကျိုးခံစားခွင့်ကို အကာအကွယ်ပေးခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေ ရေးဆွဲခြင်းကို ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ၁၈ နှစ်ကြာအောင် ရေးဆွဲမှုများ ပြုလုပ်ခဲ့သော်လည်း ပြီးပြတ်နိုင်ခြင်း မရှိခဲ့ပေ။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်ဖြစ်လာချိန်မှစ၍ ခေတ်နှင့်လျော်ညီသော မူပိုင်ခွင့်ဥပဒေ ရေးဆွဲပြဋ္ဌာန်းရန် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံမှ လက်ရှိရေးဆွဲနေသော ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေကြမ်း တွင် တီထွင်မှုမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဟူ၍ ဥပဒေကြမ်းလေးခု ပါဝင်သည်။ အဆိုပါ ဥပဒေကြမ်းသည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအတွက် အလွန်အရေးပါသော လိုအပ်သည့် ဥပဒေတစ်ခုဖြစ်သောကြောင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီဖြစ်စေရန် ရေးဆွဲဆောင်ရွက် လျက်ရှိပါသည်။

သုတေသနစာတမ်းတိုအမှတ် (၃၂)

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | နိဒါန်း | ၁ |
| ၁ | ဉာဏပစ္စည်းနှင့်မူပိုင်ခွင့်အခွင့်အရေး | ၁ |
| ၂ | မြန်မာနိုင်ငံနှင့်မူပိုင်ခွင့်ဥပဒေ | ၂ |
| ၃ | ကမ္ဘာ့ဉာဏပစ္စည်းဆိုင်ရာအဖွဲ့အစည်း (WIPO) နှင့်ဘန်းသဘောတူညီချက် (Berne Convention) | ၁၁ |
| ၄ | အာဆီယံနိုင်ငံများအတွင်း ဉာဏပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းထားရှိမှုများ | ၁၄ |
| ၅ | ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် အမျိုးမျိုးသောအမြင်များ | ၁၆ |
| - | နိဂုံး | ၂၁ |

# ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအချက်အလက်များ

## နိဒါန်း

၁။ မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေကို ၁၉၉၅ ခုနှစ် ဝန်းကျင်ကာလမှ စတင်ရေးဆွဲခဲ့ပါသည်။ စတင်ရေးဆွဲသည့် ၁၉၉၅ ခုနှစ်မှ ၂၀၀၁ ခုနှစ်ကြားကာလတွင် ရှေ့နေချုပ်ရုံးမှ ဦးဆောင်ရေးဆွဲခဲ့ပြီး လက်ရှိတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေတွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် မူပိုင်ခွင့်ဥပဒေဟူ၍ ဥပဒေလေးခုပါဝင်မည်ဖြစ်ပါသည်။

၂။ ဉာဏပစ္စည်းမူပိုင်ခွင့်သည် တီထွင်ဖန်တီးသူများအား ၎င်းတို့၏ တီထွင်မှုမှ ရရှိသောပစ္စည်းများအပေါ် အကျိုးခံစားခွင့်များကို အကာအကွယ်ပေးခြင်းဖြစ်သည်။ တီထွင်ဖန်တီးမှုများကို ဥပဒေရေးရာအရ အကာအကွယ်ပေးနိုင်မှသာ အရင်းအမြစ်သစ်များကို ပိုမိုသုံးစွဲ၍ တီထွင်ဆန်းသစ်မှုများကို ဆက်လက်ဆောင်ရွက်ရန် အားပေးနိုင်မည်ဖြစ်သည်။ ထိုသို့အားပေးခြင်းနှင့် အကာအကွယ်ပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာခြင်းနှင့် လူမှုဘဝ တိုးတက်မြင့်မားရေးတို့ကို ဖြစ်ထွန်းစေခြင်း စသည့်အကျိုးများ ရရှိနိုင်မည်ဖြစ်သည်။

## အခန်း (၁)
## ဉာဏပစ္စည်းနှင့် မူပိုင်ခွင့်အခွင့်အရေး

၃။ ဉာဏပစ္စည်းဆိုသည်မှာ စာပေနှင့် အနုပညာလုပ်ငန်းများ တီထွင်ဖန်တီးမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင်အသုံးပြုသော ဒီဇိုင်းများ၊ သင်္ကေတများ၊ အမည်များနှင့်ရုပ်ပုံများ စိတ်ကူးဖန်တီးခြင်းကို ရည်ညွှန်းပါသည်။ ဉာဏပစ္စည်း (Intellectual Property- IP) ကို အပိုင်းနှစ်ပိုင်းခွဲခြားနိုင်သည်[1]-

(က) တီထွင်ဖန်တီးမှုများအတွက်မူပိုင်ခွင့်များ၊ ကုန်အမှတ်တံဆိပ်များ၊ စက်မှုလက်မှုဒီဇိုင်းများပါဝင်သည့် စက်မှုလက်မှုဆိုင်ရာပစ္စည်းများ။

(ခ) ရုပ်ရှင်၊ ဂီတ၊ ကဗျာ၊ ဝတ္ထုများကဲ့သို့သော အနုပညာနှင့် စာပေလုပ်ငန်းများ၊ ပန်းချီရေးဆွဲခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း၊ ပန်းပုထုခြင်းနှင့် ဗိသုကာဒီဇိုင်းများ ပါဝင်သည့် မူပိုင်ခွင့်များ။[2]

---

[1] Competition Law and Intellectual Property Law, available from; http://www.aseancompetition.org,viewed 11th March 2015.

[2] Ibid

၄။ မူပိုင်ခွင့်အခွင့်အရေးဆိုသည်မှာ ဖျော်ဖြေတင်ဆက်မှု အနုပညာ၊ အသံဖမ်းယူထားသော ဘာသာစကားတစ်ခု၏ အသံများကို ထုတ်လုပ်မှုများ၊ ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ခြင်းများအပေါ်တွင် ရရှိသော မူပိုင်ခွင့်ဖြစ်ပါသည်။[3]

၅။ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးသည် တီထွင်ဖန်တီးသူများအား ၎င်းတို့၏ တီထွင်မှုမှ ရရှိသောပစ္စည်းများအပေါ် အကျိုးခံစားခွင့်များကို အကာအကွယ်ပေးခြင်း ဖြစ်သည်။

၆။ ၁၉၆၇ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၊ စတော့ခ်ဟုမ်းမြို့၌ ကျင်းပသော ဝီပိုကွန်ဗင်းရှင်း (WIPO Convention) ၌ ဉာဏပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးအရ အကာအကွယ်ပေးနိုင်သော ကိစ္စရပ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) စာပေ၊ အနုပညာနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်များ။

( ခ ) ရုပ်သံထုတ်လွှင့်ခြင်း၊ အသံပိုင်းဆိုင်ရာနှင့် အနုပညာလုပ်ငန်းများ တင်ဆက်ပြသခြင်း။

( ဂ ) လူသားများ၏ ကဏ္ဍအမျိုးမျိုးအတွက် အသစ်အဆန်းကြိုးပမ်းတီထွင်မှုများ။

(ဃ) သိပ္ပံပညာရပ်ဆိုင်ရာ တွေ့ရှိမှုများ။

( င ) စက်မှုလုပ်ငန်းဆိုင်ရာ ဒီဇိုင်းများ။

( စ ) ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်အသားများ၊ ကုန်သွယ်မှုဆိုင်ရာ အမည်များနှင့် ပုံကြမ်းရေးဆွဲမှုများ။

(ဆ) မျှတမှုမရှိသော ယှဉ်ပြိုင်မှုများကို ဆန့်ကျင်အကာအကွယ်ပေးခြင်း။

( ဇ ) စက်မှုလုပ်ငန်းများဆိုင်ရာ၊ သိပ္ပံပညာရပ်ဆိုင်ရာ၊ စာပေနှင့်အနုပညာနယ်ပယ်များမှ ဉာဏဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် အကာအကွယ်ပေးမှုများ။[4]

## အခန်း (၂)
## မြန်မာနိုင်ငံနှင့်မူပိုင်ခွင့်ဥပဒေ

၂၅။ မြန်မာနိုင်ငံတွင် စာပေအနုပညာမူပိုင်ခွင့်ဖြစ်သည့် မြန်မာနိုင်ငံ မူပိုင်ခွင့်အက်ဥပဒေကို ၁၉၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၁၁ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ ပြဋ္ဌာန်းခဲ့သည့် မူပိုင်ခွင့်အခွင့်အရေး အက်ဥပဒေကို အခြေခံရေးဆွဲထားသည့် ဥပဒေဖြစ်ပါသည်။ ၎င်းဥပဒေပုဒ်မ ၁(၂) အရ မူပိုင်ခွင့် အခွင့်အရေးကို အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ "သုခုမအနုပညာနှင့် စာပေဆိုင်ရာ ဖန်တီးထားသော

[3] Competition Law and Intellectual Property Law, available from; http://www.aseancompetition.org/ resources/ stakdholder-information (viewed 11th March 2015)

[4] Understanding Copyright and Related Rights, World Intellectual Property Organization (WIPO), available from; http://www.wipo.int (viewed 17th March 2015)

C:\Users\kyawkyawsoe\Desktop\brief\IP Brief\IP-Body-Text(24-12-2015).docx

လုပ်ငန်းတစ်ခုကို ထုတ်လုပ်မှု၊ အဆင့်ဆင့်ကူးယူမှု၊ ခင်းကျင်းကပြမှု၊ တဆင့်ဟောပြောမှုစသည့် အခွင့်အရေးဟူသမျှသည် အရင်းမူလ ဖန်တီးတီထွင်သူထံ၌သာ တည်ရှိစေရမည်” ဟု ဆိုထားခဲ့သည်။ ၎င်းအခွင့်အရေးတို့ကို မူလတီထွင် ဖန်တီးသူသာလျှင် ပိုင်ဆိုင်ခွင့်ရှိသည်။ မြန်မာနိုင်ငံမူပိုင်ခွင့် အက်ဥပဒေအရ တီထွင်ဖန်တီးမှုတစ်ခုကို တီထွင်ဖန်တီးသူ အသက်ထင်ရှားရှိနေစဉ်ကာလနှင့် ၎င်းကွယ်လွန်ပြီး နှစ်ပေါင်း ၅၀ အထိ တီထွင်ဖန်တီးသူ၏ အမွေဆက်ခံခွင့်ရှိသူတို့က ပိုင်ဆိုင်သည် ဟု သတ်မှတ်ထားခဲ့သည်။

၂၆။ မူပိုင်ခွင့်အတည်ဖြစ်စေရမည့် ကာလအပိုင်းအခြားမှာ မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေအရ အခြားနည်း အတိအလင်းပြဋ္ဌာန်းသည်မဟုတ်လျှင် မူလစီရင်လုပ်ဆောင်သူ တစ်သက်တာနှင့်တကွ ၎င်းသူ သေလွန်သည့်နောက် နှစ်ပေါင်း ၅၀ ဖြစ်စေရမည်။[5]

၂၇။ မြန်မာနိုင်ငံတွင် ပြည်တွင်းဥပဒေပြုခြင်းများအဖြစ် ဉာဏပစ္စည်းမူပိုင်ခွင့်ကို အောက်ပါ တည်ဆဲဥပဒေများဖြင့် ကာကွယ်နိုင်သည်-

(က) မြန်မာနိုင်ငံ ရာဇသတ်ကြီးဥပဒေ (၁၈၆၀)၊

( ခ ) မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ (၁၈၈၉)၊

( ဂ ) သီးခြားသက်သာခွင့် အက်ဥပဒေ (၁၈၇၇)၊

(ဃ) ပင်လယ်အကောက်ခွန်အက်ဥပဒေ (၁၈၇၈)၊

( င ) မှတ်ပုံတင်ခြင်းအက်ဥပဒေ (၁၉၀၉)၊

( စ ) မြန်မာ့မူပိုင်ခွင့်အက်ဥပဒေ (၁၉၁၄)၊

(ဆ) တီထွင်မှုမူပိုင်ခွင့်နှင့် ဒီဇိုင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေ (၁၉၄၆)၊

( ဇ ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၁၉၈၉)၊

( ဈ ) ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ (၁၉၉၆)နှင့်

(ည) ကွန်ပျူတာသိပ္ပံဖွံ့ဖြိုးမှုဥပဒေ (၁၉၉၄)။[6]

၂၈။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)၊ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ (WTO) နှင့် ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာအဖွဲ့အစည်း (WIPO) ကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေသဖြင့် အဆိုပါ အဖွဲ့အစည်း

[5] ဦးကျော်ဇေယျ၊ မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေ၊ စာ- ၂၁။

[6] Intellectual Property Practice in Myanmar, available from; http://www.kenfox.com/ipr-in-myanmar (viewed 17th March 2015)

များမှ ချမှတ်ထားသော ရည်ရွယ်ချက်များနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်။[7]

## ၂၀၁၅ ခုနှစ်တွင် ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန်အတွက် ဖော်ပြခဲ့သော ဥပဒေကြမ်းများ

## (က) တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

၂၉။ တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့ပါသည်။ အဆိုပါ တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းတွင် အခန်း ၂၁ ခန်း၊ ပုဒ်မပေါင်း ၉၈ ခု ပါဝင်သည်။

၃၀။ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့် တီထွင်သူတို့၏ အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်။

(ခ) နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများနှင့် နည်းပညာဖြန့်ဖြူးလွှဲပြောင်းရေးတို့ကို မြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေရန်။

(ဂ) တီထွင်သူများနှင့် တီထွင်မှုကိုသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးများကို အပြန်အလှန်အကျိုးပြုစေရန်။

(ဃ) တီထွင်သူများနှင့် တီထွင်မှုကို သုံးစွဲသူများ၏ အခွင့်အရေးနှင့် ကျင့်ဝတ်တို့အား ဟန်ချက်ညီစေရေးတို့တွင် အထောက်အကူဖြစ်စေရန်။

(င) တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် အခွင့်အရေးရရှိသူမှ တီထွင်မှုမူပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းနှင့် ကုန်သွယ်မှုတွင် သင့်တင့်မျှတမှုမရှိဘဲ ထိန်းချုပ်ထားခြင်းတို့ကို ဟန့်တားနိုင်ရန်။[8]

၃၁။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အပိုဒ် ၂ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုသည်မှာ တီထွင်မှုတစ်ခုအား အကာအကွယ်ပေးရန် ဤဥပဒေအရ ခွင့်ပြုသည့် မူပိုင်ခွင့်ကိုဆိုလိုခြင်းဖြစ်ပြီး တီထွင်မှုမူပိုင်ခွင့်ရရှိသူဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ရရှိသူအဖြစ် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသူကိုသော်လည်းကောင်း၊ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုလျှင် ထိုသူအားလုံးကိုသော်လည်းကောင်း ဆိုသည်။[9]

---

[7] Intellectual Property Practice in Myanmar, available from; http://www.kenfox.com/ipr-in-myanmar (viewed 17th March 2015)

[8] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း(၂)၊ ရည်ရွယ်ချက်များ၊ အပိုဒ် ၃၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ မြန်မာ့အလင်း၊ စာ-၁၅။

[9] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း(၁)၊ အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၂၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ မြန်မာ့အလင်း၊ စာ-၁၅။

၃၂။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၏ အခန်း (၅)၊ အပိုဒ် ၇ နှင့် အပိုဒ် ၈တွင် တီထွင်မှုမူပိုင်ခွင့် ပေးနိုင်သော တီထွင်မှုနှင့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်မရရှိနိုင်သော ကိစ္စရပ်များကို ဖော်ပြထားပါသည်။

၃၃။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အပိုဒ် ၁၂ အရ "မည်သူမဆို တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို ရရှိလိုပါက ဤဥပဒေနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် လျှောက်ထားရမည်"[10]

၃၄။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းအရ တီထွင်မှုမူပိုင်ခွင့်သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တင်သွင်းသည့်နေ့ရက်မှ ၂၀ နှစ်ဖြစ်သည်။[11]

၃၅။ အပိုဒ် ၄၃ အရ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင် အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဖြစ်စေ ၎င်း၏ အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။[12] ထို့ပြင် အပိုဒ် ၄၈အရ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည်ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ တီထွင်မှု မူပိုင်ခွင့်ကို အသုံးပြုရန် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။[13]

၃၆။ တီထွင်မှုမူပိုင်ခွင့် ပိုင်ရှင်နှင့် လိုင်စင်ရရှိသူတို့သည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်မိတ္တူနှင့်အတူ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ရုံးသို့ လျှောက်ထားရမည်။[14] လိုင်စင်ပေးခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ရုံးသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းလိုင်စင်သည် အကျိုးသက်ရောက်မှု မရှိစေရ။[15]

---

[10] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၇)၊ တီထွင်မှုမူပိုင်ခွင့် ရရှိသူများ၊ အပိုဒ် ၁၂၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ မြန်မာ့အလင်း၊ စာ-၁၆။

[11] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၀)၊ တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့် အခကြေးငွေများ၊ အပိုဒ် ၃၄၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ မြန်မာ့အလင်း၊ စာ-၁၇။

[12] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၂)၊ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးကို လွှဲပြောင်းခြင်း၊ အပိုဒ် ၄၃၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[13] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၂)၊ တီထွင်မှုမူပိုင်ခွင့်ကို လိုင်စင်ပေးခြင်း၊ အပိုဒ် ၄၈၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[14] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၃)၊ တီထွင်မှုမူပိုင်ခွင့်ကို လိုင်စင်ပေးခြင်း၊ အပိုဒ် ၄၉၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[15] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၃)၊ တီထွင်မှုမူပိုင်ခွင့်ကို လိုင်စင်ပေးခြင်း၊ အပိုဒ် ၅၂၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

၃၇။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်နှင့်လိုင်စင်ရရှိသူတို့မှ လိုင်စင်အား မှတ်တမ်းတင်ထားခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တောင်းဆိုလာပါက ပယ်ဖျက်ပေးရမည်။[16]

၃၈။ အပိုဒ် ၆၂(က)အရ တီထွင်မှုမူပိုင်ခွင့် ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်ကို မိမိ၏ ဆန္ဒအလျောက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးတွင် ပြန်လည်အပ်နှံနိုင်သည်။[17]

၃၉။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အပိုဒ် ၆၈ (က) အရ အသေးစားတီထွင်မှုတစ်ခုသည် အသစ်ဖြစ်ရမည်ဖြစ်ပြီး စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ပါက အသေးစားတီထွင်မှုမူပိုင်ခွင့်အဖြစ် မှတ်ပုံတင်လျှောက်ထားနိုင်သည်။[18] အသေးစားတီထွင်မှုမူပိုင်သက်တမ်းသည် အသေးစားတီထွင်မှုမူပိုင်ခွင့်လျှောက်ထားသည့်နေ့ရက်မှ ၁၀နှစ် ဖြစ်သည်။[19]

၄၀။ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၏ အခန်း (၂၀) တွင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ ပြစ်ဒဏ်များကို ဖော်ပြထားပါသည်။

**( ခ ) ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း**

၄၁။ ကုန်အမှတ်တံဆိပ်ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိနိုင်စေသော အမှတ်တံဆိပ်တစ်ခုခုကို ဆိုလိုသည်။[20] ဥပဒေ၏ ရည်ရွယ်ချက်များကို အခန်း (၂)၊ အပိုဒ် ၃တွင် ဖော်ပြထားပါသည်။

၄၂။ အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားလိုသူသည် အမှတ်တံဆိပ် မှတ်ပုံတင်ရန် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။[21] အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်ပြီးခြင်း ရှိ/မရှိနှင့် မှတ်ပုံတင်ထားပြီးဖြစ်သော အခြားအမှတ်တံဆိပ်တစ်ခုခုနှင့် ကွဲပြားခြားနားခြင်းရှိ/မရှိ သိရှိလို

---

[16] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၃)၊ တီထွင်မှုမူပိုင်ခွင့်ကို လိုင်စင်ပေးခြင်း၊ အပိုဒ် ၅၁၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[17] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၅)၊ တီထွင်မှုမူပိုင်ခွင့်ကို ပြန်လည်အပ်နှံခြင်းနှင့် ရုပ်သိမ်းခြင်း၊ အပိုဒ် ၆၂(က)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[18] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၆)၊ အသေးစားတီထွင်မှု၊ အပိုဒ် ၆၈(က)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[19] တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၆)၊ အသေးစားတီထွင်မှု၊ အပိုဒ် ၆၉၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[20] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၁)၊ အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၂(ခ)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[21] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၆)၊ အမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်း၊ အပိုဒ် ၉(က)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

သူသည် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်ပြီးသော အမှတ်တံဆိပ်များကို ရှာဖွေပေးရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။[22]

၄၃။ အမှတ်တံဆိပ်တစ်ခုကို လျှောက်ထားသည့်နေ့ရက်အား အဆိုပါ အမှတ်တံဆိပ်ကို မှတ်ပုံတင်သည့်နေ့ရက်အဖြစ် မှတ်ယူရမည်။[23] အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းသက်တမ်းသည် အမှတ်တံဆိပ်ကို မှတ်ပုံတင်သည့်နေ့ရက်မှစတင်၍ ၁၀နှစ်ဖြစ်သည်။[24] မှတ်ပုံတင်သက်တမ်း ၁၀နှစ် ကုန်ဆုံးပြီးနောက် မှတ်ပုံတင်သက်တမ်းတိုးမြှင့်လိုသူသည် တစ်ကြိမ်လျှင် မှတ်ပုံတင်သက်တမ်း ၁၀နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။[25]

၄၄။ သက်တမ်းတိုးမြှင့်ရန် တောင်းဆိုချက်ကို မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ လျှောက်ထားလျှင် သက်တမ်းတိုးမြှင့်ပေးရန်အတွက် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းရမည်။ သက်တမ်းတိုးမြှင့်ရန် တောင်းဆိုချက်ကို မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်နေ့ရက် မတိုင်မီ ၆လအတွင်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။[26]

၄၅။ အမှတ်တံဆိပ်ပိုင်ရှင်သည် ၎င်း၏ အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်း ပြုနိုင်သည်။[27] ပိုင်ဆိုင်ခွင့်လွှဲပြောင်းလိုသူသည် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။[28]

၄၆။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို အသုံးပြုရန် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။[29] မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လိုင်စင်ရသူသည် လိုင်စင်

---

[22] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၆)၊ အမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်း၊ အပိုဒ် ၁၈၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[23] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၈)၊ အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းနှင့် အခကြေးငွေများ၊ အပိုဒ် ၂၆(က)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[24] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၈)၊ အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းနှင့် အခကြေးငွေများ၊ အပိုဒ် ၂၆(ခ)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[25] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၈)၊ အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းနှင့် အခကြေးငွေများ၊ အပိုဒ် ၂၆(ဂ)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[26] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၈)၊ အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းနှင့် အခကြေးငွေများ၊ အပိုဒ် ၂၇(ခ)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[27] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၁၀)၊ မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းခြင်း၊ အပိုဒ် ၃၆၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[28] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၁၀)၊ မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းခြင်း၊ အပိုဒ် ၃၇၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[29] ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၁၁)၊ မှတ်ပုံတင်အမှတ်တံဆိပ်ကို လိုင်စင်ပေးခြင်း၊ အပိုဒ် ၄၀၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

ပေးခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။[30]

၄၇။ လိုင်စင်ပေးခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားခြင်းမရှိလျှင် အကျိုးသက်ရောက်မှုမရှိစေရ။[31]

၄၈။ ကုန်အမှတ်တံဆိပ်ဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၏ အခန်း ၁၉တွင် ဖော်ပြထားပါသည်။

**( ဂ ) စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း**

၄၉။ စက်မှုဒီဇိုင်းဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ ယက်ထည်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန် တစ်ခုလုံးသို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းသဏ္ဌာန်ကို ဆိုသည်။[32]

၅၀။ စက်မှုဒီဇိုင်းများသည် အသစ် သို့မဟုတ် မူလဖြစ်သည့်အပြင် တုပမှီခိုမှုကင်းစွာ ဖန်တီးထားခြင်းဖြစ်ပါက အကာအကွယ်ရရှိမည် ဖြစ်သည်။[33] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုလျှောက်ထားလာပါက ယင်းဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းကို အများပြည်သူသိရှိစေရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာဖြင့်ဖော်ပြခြင်း၊ အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ခင်းကျင်းပြသခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထုတ်ဖော်အသိပေးခဲ့ခြင်းမရှိလျှင် ယင်းစက်မှုဒီဇိုင်းသည် အသစ်ဖြစ်သည်။[34]

---

30 ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၁၁)၊ မှတ်ပုံတင်အမှတ်တံဆိပ်ကို လိုင်စင်ပေးခြင်း၊ အပိုဒ် ၄၁၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

31 ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း၊ အခန်း (၁၁)၊ မှတ်ပုံတင်အမှတ်တံဆိပ်ကို လိုင်စင်ပေးခြင်း၊ အပိုဒ် ၄၄၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

32 စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁)၊ အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၂(က)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

33 စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၅)၊ အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း၊ အပိုဒ် ၇၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

34 စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၅)၊ အကာအကွယ်ရရှိနိုင်သော စက်မှုဒီဇိုင်း၊ အပိုဒ် ၈၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

၅၁။ စက်မှုဒီဇိုင်းဖန်တီးသူကဖြစ်စေ၊ ၎င်း၏ တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ ၎င်း၏ တရားဝင်လွှဲပြောင်းခြင်းခံရသူကဖြစ်စေ အဆိုပါ စက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့် ရှိသည်။[35] စက်မှုဒီဇိုင်းတစ်ခုကို တစ်ဦးထက်ပိုသူများက ဖန်တီးခဲ့ခြင်းဖြစ်လျှင် ၎င်းတို့အားလုံးသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပူးတွဲလျှောက်ထားခွင့်ရှိသည်။[36]

၅၂။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူသည် မှတ်ပုံတင်စက်မှုဒီဇိုင်း အခွင့်အရေးကို ရရှိလိုပါက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည်။[37]

၅၃။ ဥပဒေကြမ်း၏ အပိုဒ် ၃၄ အရ စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့်စပ်လျဉ်း၍-

(က) မှတ်ပုံတင်စက်မှုဒီဇိုင်း၏ ပထမသက်တမ်းသည် အဆိုပါစက်မှုဒီဇိုင်းအား မှတ်ပုံတင် လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်မှ ၅နှစ်ဖြစ်သည်။

(ခ) မှတ်ပုံတင်စက်မှုဒီဇိုင်းသက်တမ်းအား ဒုတိယနှင့် တတိယသက်တမ်းများအတွက် ၅နှစ်စီ ထပ်မံ သက်တမ်းတိုးနိုင်သည်။ မှတ်ပုံတင်စက်မှုဒီဇိုင်းသက်တမ်းသည် လျှောက်ထားသည့်နေ့ရက်မှ စုစုပေါင်း ၁၅နှစ် ဖြစ်သည်။[38]

**(ဃ) မူပိုင်ခွင့်ဥပဒေကြမ်း**

၅၄။ မူပိုင်ခွင့်ဆိုသည်မှာ စာပေအနုပညာလက်ရာ၏ မူလလက်ရာရှင်က မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိသော သီးသန့်အခွင့်အရေးများဆိုင်ရာ မူပိုင်ခွင့်ကို ဆိုလိုသည်။[39]

၅၅။ စာပေအနုပညာလက်ရာများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိစေကာမူ-

(က) စီးပွားရေးဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှု သက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည်-

(၁) မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ နှစ်၅၀၊

---

[35] စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၇)၊ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများ၊ အပိုဒ် ၁၁၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[36] စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၇)၊ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများ၊ အပိုဒ် ၁၂၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[37] စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၈)၊ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်း၊ အပိုဒ် ၁၄၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[38] စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၄)၊ စက်မှုဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့် သက်တမ်းတိုးခြင်း၊ အပိုဒ် ၃၄၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[39] မူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁)၊ အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၂(က)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

(၂) ပူးတွဲမူလလက်ရာရှင်၏ စာပေအနုပညာလက်ရာဖြစ်ပါက နောက်ဆုံး မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ၎င်းကွယ်လွန်ပြီးသည့် နေ့ရက်မှ နှစ်၅၀၊

(၃) အသုံးချအနုပညာလက်ရာမှတစ်ပါး အခြားစုပေါင်းလက်ရာနှင့် အရုပ်အသံလက်ရာတို့ ဖြစ်ပါက စတင်ဖန်တီးခြင်း၊ အများပြည်သူတို့ သိရှိစေရန် ပထမအကြိမ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာ နေ့ရက်မှ နှစ်၅၀၊

(၄) အမည်မဖော်ပြဘဲဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ထုတ်ဝေပြီးဖြစ်သည့် စာပေအနုပညာလက်ရာဖြစ်ပါက စတင်ဖန်တီးခြင်း၊ အများပြည်သူသို့သိရှိရန် ပထမအကြိမ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်းတစ်ရပ်ရပ်အနက် နောက်ကျရာ နေ့ရက်မှ နှစ်၅၀၊ သို့ရာတွင် အဆိုပါ သက်တမ်းမကုန်ဆုံးမီ မူလလက်ရာရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ထင်ရှားခဲ့ပြီးဖြစ်ပါက ဤပုဒ်မခွဲ၏ ပုဒ်မခွဲငယ် (၁)နှင့် (၂)တို့တွင် ဖော်ပြသည့်ကာလ၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်း၏ စာပေအနုပညာလက်ရာဖြစ်ပါက ယင်းအစိုးရဌာန၊ အဖွဲ့အစည်းသည် ပထမမူပိုင်ခွင့်ပိုင်ရှင်အဖြစ် စာပေအနုပညာလက်ရာကို စတင်ဖန်တီးသည့်နှစ်၊ အများပြည်သူသို့ သိရှိစေရန် ပထမအကြိမ် စတင်ဆောင်ရွက်သည့်နှစ် သို့မဟုတ် ပထမအကြိမ် ထုတ်ဝေသည့်နှစ် တစ်ရပ်ရပ်အနက် နောက်ကျသောနှစ် ကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော ပြက္ခဒိန်နှစ်မှ နှစ်၅၀၊

(၆) အသုံးချအနုပညာလက်ရာဖြစ်ပါက ယင်းလက်ရာ ပြုလုပ်သည့်နေ့မှ ၂၅နှစ်၊[40]

(ခ) ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် မူလလက်ရာပိုင်ရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့်အသတ်မရှိ ကာလအထိဖြစ်သည်။[41]

---

[40] မူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၇)၊ မူပိုင်ခွင့်သက်တမ်း၊ အပိုဒ် ၁၁(က)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[41] မူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၇)၊ မူပိုင်ခွင့်သက်တမ်း၊ အပိုဒ် ၁၁(ခ)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

(ဂ) အထက်ဖော်ပြပါ ပုဒ်မခွဲ (က)နှင့် (ခ) တို့ပါ ကုန်ဆုံးမည့် ကာလသက်တမ်းကို အခြားနည်းဖြင့် ဖော်ပြထားခြင်းမရှိပါက ထိုသက်တမ်းကုန်ဆုံးမည့် ပြက္ခဒိန်နှစ်၏ နောက်ဆုံးနေ့ရက်အထိ ဖြစ်သည်။[42]

၅၆။ မူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲပြောင်းခြင်းပြုနိုင်သည်။ လွှဲပြောင်းခြင်းတွင် လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းနှင့် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းတို့ပါဝင်သည်။[43]

၅၇။ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်တစ်ဦးဦးသည် မူပိုင်ခွင့်လက်ရာကို မှတ်ပုံတင်လိုပါက သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။[44]

## အခန်း (၃)

## ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာအဖွဲ့အစည်း (WIPO) နှင့် ဘန်းသဘောတူညီချက် (Berne Convention)

၇။ ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာအဖွဲ့အစည်း (WIPO) ကို စတော့ခ်ဟုမ်းသဘောတူညီချက် လက်မှတ်ရေးထိုးချိန် ၁၉၆၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါအဖွဲ့အစည်းသည် ၁၉၇၀ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ အဖွဲ့အစည်း (WIPO) သည် ကုလသမဂ္ဂ၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။[45] WIPO သည် ဉာဏပစ္စည်းများ၏ ဖန်တီးရှင်များ၊ မူပိုင်ရှင်များ၏ အခွင့်အရေးများကို နိုင်ငံတကာတွင် အကာအကွယ်အပြည့်အဝရရှိစေရေး၊ တီထွင်သူများနှင့် စာရေးဆရာများအား ၎င်းတို့၏ လက်ရာများနှင့် တီထွင်မှုများအတွက် အသိအမှတ်ပြုပေးရေးနှင့် အကျိုးခံစားနိုင်စေရေးတို့ကို အားသွန်ခွန်စိုက် ကူညီဆောင်ရွက်ပေးနေသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်ပါသည်။[46]

---

[42] မူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၇)၊ မူပိုင်ခွင့်သက်တမ်း၊ အပိုဒ် ၁၁(ဂ)၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[43] မူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း (၁၁)၊ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းခြင်း၊ အပိုဒ် ၂၈၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[44] မူပိုင်ခွင့်ဥပဒေကြမ်း၊ အခန်း(၁၄)၊ မူပိုင်ခွင့်ကိုမှတ်ပုံတင်ခြင်း၊ အပိုဒ် ၃၉၊ available from; http://www.myanmarparliament.gov.mm (viewed 7th December 2015)

[45] လူထုစိန်ဝင်း၊ မူပိုင်ခွင့်၊ page 5 of pdf, available from; http://www.foreverspace.com.mm (viewed 7th May 2015)

[46] ဦးသန်းမောင် (စစ်တွေ)၊ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေဆောင်းပါးများ ၊ တတိယအကြိမ်၊ ၂၀၁၆ခုနှစ်၊ ဧပြီလ၊ Wisdom House စာအုပ်တိုက်၊ စာ-၂၅။

၈။ WIPO ၏ အဓိကတာဝန်ကြီးများတွင် ပါဝင်သည့်အချက်တစ်ချက်မှာ ဖွံ့ဖြိုးဆဲ နိုင်ငံများက ဉာဏပစ္စည်းဆိုင်ရာကိစ္စ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး ဖြစ်သည်။ စက်မှုပစ္စည်းနယ်ပယ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ WIPO ၏ အဓိကရည်ရွယ်ချက်များမှာ-

(က) ဖွံ့ဖြိုးဆဲနိုင်ငံများ၏ နည်းပညာဆိုင်ရာ ကိုယ့်အားကိုယ်ကိုးရေးနှင့် နိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာစေရန်အတွက် ယင်းနိုင်ငံများမှ နိုင်ငံသားတို့ကိုယ်တိုင် မူပိုင်ပြုလုပ်နိုင်သည့် တီထွင်မှုများကို ၎င်းတို့၏ ကိုယ်ပိုင် လုပ်ငန်းများတွင် အရည်အသွေးနှင့် အရေအတွက်ပါ တိုးတက်အောင် ဆောင်ရွက်စေရန် အားပေးကူညီခြင်း။

( ခ ) နိုင်ငံခြား မူပိုင်နည်းပညာများရရှိရေးအခြေအနေ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း။

( ဂ ) ကုန်ပစ္စည်းအမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုတံဆိပ်များကို ပိုမိုကောင်းမွန်သော ကာကွယ် စောင့်ရှောက်ရေးနည်းလမ်းများသုံး၍ နိုင်ငံတကာကုန်သွယ်ရေးတွင် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာအောင် ဆောင်ရွက်ခြင်း။

(ဃ) မူပိုင်မှတ်ပုံတင် စာရွက်စာတမ်းများတွင် ပါဝင်သော နည်းပညာဆိုင်ရာ သတင်းများကို အလွယ်တကူ ရယူနိုင်သောနည်းလမ်း ဖန်တီးပေး၍ ယင်းသတင်းများကို သုံးစွဲဖွယ် ရှိသူများအား ဖြန့်ဝေပေးခြင်း။

၉။ အဆိုပါရည်မှန်းချက်များရရှိရန်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်လျော်ညီအောင် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ သဘောတူညီချက်များကို လက်ခံခြင်း၊ အစိုးရစက်မှုလုပ်ငန်းနှင့် ဥပဒေနယ်ပယ်တွင် ကျွမ်းကျင်သူများပိုမိုထားရှိခြင်း၊ စက်မှု ပစ္စည်းဆိုင်ရာ သတင်းအချက်အလက် အထူးသဖြင့် မှတ်ပုံတင် စာရွက်စာတမ်းများကို ပို၍ လွယ်ကူစွာရရှိအောင် ဆောင်ရွက်ခြင်း စသည်တို့လိုအပ်လျက်ရှိသည်။[47]

၁၀။ မူပိုင်ခွင့် ဆက်စပ်ရပိုင်ခွင့်များဆိုင်ရာတို့တွင် WIPO ၏ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်သည့် ရည်မှန်းချက်များမှာ-

(က) ယင်းနိုင်ငံများမှ နိုင်ငံသားများကိုယ်တိုင် ၎င်းတို့၏ အမျိုးသားယဉ်ကျေးမှုကို ၎င်းတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် ၎င်းတို့၏ လူမျိုး၊ လူမှုလေ့ထုံးတမ်းစဉ်လာ၊

[47] လူထုစိန်ဝင်း၊ မူပိုင်ခွင့်၊ စာ-၇၅-၇၆။

ယုံကြည်ချက်စသည်တို့နှင့် လျော်ညီစွာ စာပေနှင့် ယဉ်ကျေးမှုလက်ရာများ ဖန်တီးထုတ်လုပ်မှု တိုးတက် လာစေရန်အားပေးခြင်း။

(ခ) ပြည်တွင်းနှင့် ပြည်ပမူပိုင်ခွင့်ပိုင်ရှင်များထံမှ ရရှိရန်လွယ်ကူချောမွေ့သော မူပိုင်ခွင့်သုံးစွဲခြင်းဆိုင်ရာ အခွင့်အာဏာကို အခြေခံ၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဉာဏဖန်တီးမှုများကို ပံ့ပိုးကူညီပေးခြင်း။

(ဂ) ဖွံ့ဖြိုးဆဲနိုင်ငံအစိုးရများက မူပိုင်ခွင့်နှင့် ဆက်စပ်ရပိုင်ခွင့်များ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ စီမံခန့်ခွဲခြင်းစသည်တို့ ကောင်းစွာဆောင်ရွက်နိုင်ရန် ဥပဒေပြဋ္ဌာန်းခြင်း၊ အဖွဲ့အစည်းများထူထောင်ခြင်း စသည့်လုပ်ငန်းများတွင် အကူအညီတောင်းခံပါက ကူညီပံ့ပိုးခြင်း။

၁၁။ WIPO ၏ ပူးပေါင်းဆောင်ရွက်ခြင်းသည် အဓိကအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုအပ်ချက်နှင့်ကိုက်ညီသော စံပြဥပဒေကြမ်းများရေးဆွဲပေးခြင်း၊ မူပိုင်ခွင့်နှင့် ဆက်စပ်ရပိုင်ခွင့်ဆိုင်ရာကိစ္စများအတွက် စုပေါင်းစီမံခန့်ခွဲရေးအဖွဲ့အစည်းများ တည်ထောင်ခြင်းနှင့် ခေတ်နှင့်လျော်ညီအောင်လုပ်ဆောင်ခြင်းတို့ကို ကူညီခြင်း၊ ကွန်ပျူတာစနစ် ထူထောင်ရေးတွင် နည်းပညာပိုင်းဆိုင်ရာကူညီခြင်းစသည်တို့ ပါဝင်သည်။[48]

၁၂။ စာပေနှင့်အနုပညာလုပ်ငန်းများမူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်တစ်ရပ်အဖြစ် အစောဆုံးပေါ်ထွက်ခဲ့သော သဘောတူညီချက်မှာ ၁၈၈၆ ခုနှစ်၊ ဘန်းသဘောတူညီချက် (Berne Convention) ဖြစ်ပါသည်။ ၁၈၈၆ ခုနှစ်၊ ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့တွင် ကျင်းပသည့် ညီလာခံမှ ရေးဆွဲပြဋ္ဌာန်းခဲ့သဖြင့် ဘန်းသဘောတူညီချက်ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။[49]

၁၃။ ၁၈၈၃ ခုနှစ်တွင် ကျင်းပပြုလုပ်သော စက်မှုပစ္စည်းများ အကာအကွယ်ပေးရေးဆိုင်ရာ ပဲရစ်သဘောတူညီချက် (Paris Convention) နှင့် ၁၈၈၆ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဘန်းမြို့တွင် ကျင်းပပြုလုပ်သည့် စာပေနှင့် အနုပညာလုပ်ငန်းများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘန်းသဘောတူညီချက် (Berne Convention) များတွင် ဉာဏပစ္စည်းအကာအကွယ်ပေးခြင်း၏ အရေးပါမှုကို ပထမဆုံးအကြိမ် အသိအမှတ်ပြုခဲ့ကြသည်။ အဆိုပါ စာချုပ်နှစ်ခုစလုံးကို WIPO မှ စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။[50]

---

[48] လူထုစိန်ဝင်း၊ မူပိုင်ခွင့်၊ စာ-၇၈။

[49] Ibid.

[50] Understanding Copyright and Related Rights, World Intellectual Property Organization (WIPO), available from; http://www.wipo.int (viewed 27th April 2015)

၁၄။ WIPO အဖွဲ့အစည်းသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်း ပါဝင်နိုင်သည်။ ၁၉၆၇ ခုနှစ်၊ စတောခ့်ဟုမ်း သဘောတူညီချက်၊ ၁၉၇၀ ခုနှစ် သဘောတူညီချက်နှင့် ဘန်းသဘောတူညီချက်များကို သဘောတူထောက်ခံကြောင်း လက်မှတ်ရေးထိုးသည့် နိုင်ငံတိုင်းသည် အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရပါသည်။

## အခန်း (၄)

## အာဆီယံနိုင်ငံများအတွင်း ဉာဏပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းထားရှိမှုများ

၁၅။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာလျှင် ဉာဏပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းထားရှိရန် ကျန်ရှိနေသေးသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဉာဏပစ္စည်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းထားရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### ဘရူနိုင်းနိုင်ငံ

၁၆။ ဘရူနိုင်းနိုင်ငံသည် ဉာဏပစ္စည်းဆိုင်ရာကိစ္စများကို အဓိကထား၍ သိသာထင်ရှားစွာ ဆောင်ရွက်ခြင်းမရှိသေးပေ။ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တွင် ကိုလိုနီခေတ်ဥပဒေဖြစ်သော ဒေသတွင်းပြန်လည် မှတ်ပုံတင်ခြင်းဥပဒေကို ကုန်အမှတ်တံဆိပ်အက်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်နှင့် မူပိုင်ခွင့်၊ စက်မှုဒီဇိုင်းနှင့် ပုံစံချထားသော ဒီဇိုင်းများဆိုင်ရာ အမိန့်များဖြင့် အစားထိုးခဲ့သည်။[51]

### ကမ္ဘောဒီးယားနိုင်ငံ

၁၇။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တွင် ဉာဏပစ္စည်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် အမှတ်အသားများ၊ ကုန်သွယ်လုပ်ငန်းအမည်များနှင့် မညီမျှသော ယှဉ်ပြိုင်မှုများဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် မူပိုင်ခွင့်၊ ပြည်သူ့ဝန်ဆောင်မှုပုံစံ အသိအမှတ်ပြုလက်မှတ်နှင့် စက်မှုဒီဇိုင်းဥပဒေနှင့် မူပိုင်ခွင့်နှင့် စပ်ဆက်အခွင့်အရေးများဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။[52]

### အင်ဒိုနီးရှားနိုင်ငံ

၁၈။ အင်ဒိုနီးရှားနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်အတွင်း ဉာဏပစ္စည်းဆိုင်ရာ ဥပဒေပြုခြင်း၏ အစိတ်အပိုင်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်တွင် TRIPS Agreement ကို လိုက်နာပြီး ဉာဏပစ္စည်းဆိုင်ရာ ဥပဒေအသစ်ကို စတင်မိတ်ဆက်ခဲ့သည်။[53]

---

[51] Intellectual Property Law in Southeast Asia: recent Legislative and Institutional Development by Christoph Antons, available from; http://www. warwick.ac.uk (viewed 11th March 2015)

[52] Ibid.

[53] Ibid.

**လာအိုနိုင်ငံ**

၁၉။ လာအိုနိုင်ငံသည် ကုန်အမှတ်တံဆိပ်နှင့် မူပိုင်ခွင့်ဥပဒေ ကာကွယ်စောင့်ရှောက်ရေးကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် အမျိုးသားညီလာခံမှ ဉာဏပစ္စည်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့သည်။[54]

**မလေးရှားနိုင်ငံ**

၂၀။ မလေးရှားနိုင်ငံသည် TRIPS Agreement ကို လိုက်နာပြီးဉာဏပစ္စည်းဆိုင်ရာ ဥပဒေပြုခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။ ၂၀၀၃ ခုနှစ်တွင် အသင်းအဖွဲ့များနှင့် ဥပဒေအရ သတ်မှတ်ထားသော အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် ဉာဏပစ္စည်းဆိုင်ရာရုံး (IP Office) ကို ဖွဲ့စည်းပြီးသည့်အချိန်မှစ၍ နိုင်ငံအတွင်း ဉာဏပစ္စည်းစီမံခန့်ခွဲမှုများ သိသာစွာ တိုးတက်လာခဲ့သည်။ အသစ်ဖွဲ့စည်းထားသည့် မလေးရှား ဉာဏပစ္စည်းဆိုင်ရာရုံး (MyIPO) ကို ပြည်တွင်းကုန်သွယ်ရေးနှင့် စားသုံးသူရေးရာဝန်ကြီး၏ ကြီးကြပ်ညွှန်ကြားမှုအောက်တွင် ထားရှိထားသော်လည်း MyIPO ၏ အလုပ်သမားများနှင့် ငွေကြေးသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များအတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရန်တွင်မူ MyIPO အဖွဲ့အား လွတ်လပ်ခွင့်ပေးထားသည်။ တရားစီရင်ရေးနှင့် အာဏာတည်အောင် ဆောင်ရွက်ရေးအပိုင်းတွင်မူ ပြဿနာများရှိနေသေးသည်။[55]

**ဖိလစ်ပိုင်နိုင်ငံ**

၂၁။ ဖိလစ်ပိုင်နိုင်ငံသည် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ဉာဏပစ္စည်းဆိုင်ရာအဖွဲ့အစည်း၏ ပုံစံ (WIPO Models) များကို လိုက်နာပြီး ဉာဏပစ္စည်းဆိုင်ရာ ကိုဓဥပဒေကို အရှေ့တောင်အာရှတွင် အစောဆုံး ပြဋ္ဌာန်းခဲ့သောနိုင်ငံဖြစ်သည်။ အဆိုပါ ကိုဓဥပဒေတွင် မူပိုင်ခွင့်၊ စာပေမူပိုင်ခွင့်၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်တို့ ပါဝင်သည်။[56]

**စင်ကာပူနိုင်ငံ**

၂၂။ စင်ကာပူနိုင်ငံသည် ၁၉၈၇ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်အကြားတွင် မူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်၊ ဒီဇိုင်းနှင့် ပုံစံချထားသော ဒီဇိုင်းများကာကွယ်စောင့်ရှောက်ရေးဥပဒေများကို စုပေါင်း၍ ဉာဏပစ္စည်းဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။[57]

---

[54] Ibid.

[55] Intellectual Property Law in Southeast Asia: recent Legislative and Institutional Development by Christoph Antons, available from; http://www. warwick.ac.uk (viewed 11th March 2015)

[56] Ibid.

[57] Ibid.

**ထိုင်းနိုင်ငံ**

၂၃။ သမိုင်းအထောက်အထားများအရ ထိုင်းနိုင်ငံသည် စာပေမူပိုင်ခွင့်အား အကာအကွယ်ပေး နိုင်ရန်အတွက် ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေကို လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက စတင်မိတ်ဆက်ခဲ့သည်။ လက်ရှိတွင် အမျိုးမျိုးသော ဆန်းသစ်တီထွင်မှုများကို အကာအကွယ် ပေးနိုင်ရန်နှင့် ဉာဏပစ္စည်းဆိုင်ရာ လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဥပဒေများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။[58]

**ဗီယက်နမ်နိုင်ငံ**

၂၄။ ၂၀၀၅ ခုနှစ်တွင် ဗီယက်နမ်အမျိုးသားညီလာခံမှ ဉာဏပစ္စည်းဆိုင်ရာ ဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေသည် ၂၀၀၆ ခုနှစ်၊ ဇူလိုင်လတွင် စတင်အာဏာတည်ခဲ့သည်။ ဗီယက်နမ် နိုင်ငံသည် ၂၀၀၄ ခုနှစ် နှောင်းပိုင်းတွင် ဘန်းသဘောတူညီချက်ကို လက်ခံခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများ အကာအကွယ်ပေးမှုများကို အပြည့်အဝ ဆောင်ရွက်နေပြီ ဖြစ်ပါသည်။[59]

## အခန်း (၅)

## ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် အမျိုးမျိုးသော အမြင်များ

၅၈။ မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေကို ၁၉၉၅ခုနှစ် ဝန်းကျင်ကာလမှ စတင် ရေးဆွဲမှုများ ပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်အထိ ၁၈နှစ် ကြာမြင့်အောင် ရေးဆွဲမှုများ ပြုလုပ်ခဲ့ သော်လည်း ပြီးပြတ်နိုင်ခြင်းမရှိသေးပေ။

၅၉။ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေရေးဆွဲမှုကို ၁၉၉၅ ခုနှစ်မှ ၂၀၀၁ ခုနှစ်ကြားကာလကို ရှေ့နေချုပ်ရုံးမှ ဦးဆောင်ရေးဆွဲခဲ့ပါသည်။ ၂၀၀၄-၂၀၀၅ ခုနှစ် ဝန်းကျင်ကာလများတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းဦးဆောင်ပြီး တတ်သိပညာရှင်အချို့နှင့် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေကို ထပ်မံရေးဆွဲခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်မှစတင်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ လွှဲပြောင်းတာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

၆၀။ မြန်မာနိုင်ငံအနေဖြင့် WTO အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး WIPO ၏ သတ်မှတ်ချက်အရ ၁၁နှစ်အတွင်း ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေကို အပြီးအပြတ်ရေးဆွဲရမည် ဖြစ်သော်လည်း

---

[58] Ibid.

[59] ASEAN Intellectual Property Association, IP Protection Thailand, available from; http://www.aseanipa.org/index.php/members/ thailand1/562-ip-protection-thailand?limitstart=0/, viewed 11th March 2015.

ပြီးပြတ်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ၂၀၀၅ ခုနှစ်တွင် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် နောက်ဆုံးထားရေးဆွဲရန် WIPO အဖွဲ့ချုပ်မှ အချိန် ၇ နှစ်နှင့် ၆လ တိုးမြှင့်ပေးခဲ့သော်လည်း သတ်မှတ်ချိန်ပြည့်သွားသည်အထိ ပြီးပြတ်ခဲ့ခြင်းမရှိပေ။

၆၁။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေ ရေးဆွဲအကောင်အထည်ဖော်ရေး သတ်မှတ်ချက်ကို WIPO (World Intellectual Property Organization) အဖွဲ့ချုပ်က နောက်ထပ်ရှစ်နှစ် သက်တမ်းတိုးပေးခဲ့သည်။ မူလသတ်မှတ်ချက်အရ ဉာဏပစ္စည်း မူပိုင်ခွင့်ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးထားပြီး ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ရန် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအပါအဝင် အချို့နိုင်ငံများတွင် သတ်မှတ်ထားသည့်ကာလအတွင်း ပြီးပြတ်အောင် လုပ်ဆောင်နိုင်ခြင်း မရှိသည့်အတွက် နောက်ထပ်ရှစ်နှစ် သက်တမ်းတိုးပေးလိုက်ခြင်း ဖြစ်သည်။

> “ရွှေ့ဆိုင်းပေးလိုက်တဲ့သက်တမ်းအရ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိဖြစ်ပါတယ်။ ဒါပေမယ့်အဲဒီနေ့ရောက်မှ ဥပဒေပြဋ္ဌာန်းရမယ်လို့ဆိုလိုတာမဟုတ်ပါဘူး။ အဲဒီကာလအတွင်းမှာ ဒီဥပဒေကို အပြည့်အဝအသုံးပြုပြီး ဖြစ်နေရမယ်လို့ ဆိုလိုတာပါ” ဟု ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒရေးရာကျွမ်းကျင်သူ တရားလွှတ်တော်ရှေ့နေ ဦးသန်းမောင်(စစ်တွေ)က ပြောကြားခဲ့သည်။[60]

၆၂။ အာဆီယံနိုင်ငံများအားလုံးတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးနေပြီဖြစ်ပြီး မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ကျန်ရှိနေခြင်းဖြစ်သည်။ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေသည် တီထွင်မှုမူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းအပါအဝင် စာပေအနုပညာ မူပိုင်ခွင့်များကိုပါ အကာအကွယ်ပေးနိုင်မည်ဟု သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဌာန၏ ဌာနမှူး ဒေါက်တာမိုးမိုးသွယ်ကပြောကြားခဲ့သည်။[61]

၆၃။ မြန်မာနိုင်ငံ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အဖွဲ့ခေါင်းဆောင် ဒေါ်တင်ဥမ္မာထွန်းကလည်း-

> "အာဆီယံနိုင်ငံတွေထဲမှာ မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းဖို့ မြန်မာတစ်နိုင်ငံတည်း ကျန်တော့တာပါ။ ပြဋ္ဌာန်းဖြစ်တော့မှာပါ။ အရမ်းလည်းအရေးကြီးပါတယ်။ ရင်းနှီးမြှုပ်နှံမယ့် စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ပထမဆုံးမေးခွန်းကလည်း ဒီမေးခွန်းပါပဲ။ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ

---

[60] မြန်မာအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်တွင် နောက်ဆုံးထား ပြဋ္ဌာန်းရန် သတ်မှတ်ချက် နောက်ထပ်ရှစ်နှစ် သက်တမ်းတိုးပေး၊ မောင်တိုး၊ ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်၊ available from; http://www.elevenmyanmar.com (viewed 11th March 2015)

[61] ပြည်တွင်းတွင် ယခုနှစ်အတွင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေ၊ မဇ္ဈိမ၊ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ available from; http://www.mizzimaburmese.com (viewed 18th March 2015)

ဖြစ်နေတဲ့ကာလမှာ အာဆီယံရဲ့အကူအညီကို ပိုပြီးရယူသွားမှာပါ။ အာဆီယံနိုင်ငံတိုင်းမှာ ရှိနေတဲ့ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာရုံးကိုလည်း မြန်မာနိုင်ငံမှာ ဖွင့်လှစ်သွားနိုင်ဖို့ ကြိုးစားသွားမှာပါ ။ အာဆီယံနိုင်ငံတွေမှာ မြန်မာ နိုင်ငံက အဖွဲ့ဝင် ၅၀နဲ့ အများဆုံးပါပဲ။ ဒါပေမယ့် မူပိုင်ခွင့်နဲ့ပတ်သက်ပြီး လူထုအသိပညာပေးတွေ အများကြီးလုပ်ရဦးမယ်" ဟု ပြောကြားခဲ့သည်။

၆၄။ မြန်မာနိုင်ငံ၏ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေတွင် တီထွင်မှုမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဟူ၍ အပိုင်းလေးပိုင်းပါဝင်ပြီး အဆိုပါမူပိုင်ခွင့်ဥပဒေ (မူကြမ်း) သည် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအတွက် အလွန်အရေးပါသော လိုအပ်သည့် ဥပဒေတစ်ခု ဖြစ်သောကြောင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိသော အချက်အလက်များ ထည့်သွင်းရေးသားလျက်ရှိပါသည်။ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းပြီးပါက ယခင်က မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ်များကို နှစ်နှစ် သို့မဟုတ် သုံးနှစ်အတွင်း ပြန်လည် မှတ်ပုံတင်ရန် လိုအပ်မည် ဖြစ်ပါသည်။[62]

၆၅။ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေအား ခေတ်မီမူပိုင်ခွင့်ဥပဒေအဖြစ် ပြဋ္ဌာန်းရန် အလွန်အရေးကြီးလျက်ရှိကြောင်း ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပပြုလုပ်သည့် မူပိုင်ခွင့်ဥပဒေ(ဒသမ)မူကြမ်းအပေါ် ဆွေးနွေးသည့် အစည်းအဝေးတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

> "ကျွန်တော်တို့မြန်မာနိုင်ငံအတွက် ခေတ်မီတဲ့ မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းရာမှာ အလွန်အရေးကြီး လိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမယ့် သင့်လျော်ကောင်းမွန်တဲ့ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ် ပေါ်ပေါက်လာရန်မှာလည်း အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အခြားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေဖြစ်တဲ့ YAWGIPC၊ JPO၊ JETRO၊ USPTO၊ WIPO စတဲ့အဖွဲ့အစည်းတွေနဲ့ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။"[63]

---

[62] ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေ ပေါ်ပေါက်လာပါက ကုန်အမှတ်တံဆိပ်များ ပြန်လည်မှတ်ပုံတင်ရန်လိုအပ်၊ စကားဝါ၊ ရန်ကုန် မေ ၂၄၊ မြဝတီသတင်း၊ available from; http://www.myawady.net.mm (viewed 18th March 2015)

[63] မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေအား ခေတ်မီမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းရန် အလွန်အရေးကြီး လိုအပ်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်ပြောကြား၊ ဇွန် ၂၀၊ ၂၀၁၃ ခုနှစ်၊ Eleven Daily. (viewed 7th May 2015)

၆၆။ ၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့က Royal ACE ဟိုတယ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့တို့ပူးပေါင်းကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် တစ်ကမ္ဘာလုံးဆိုင်ရာစီးပွားရေး၌ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးများအကြောင်း အကြံပေးခြင်းနှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအောင်မြတ်ကျော်က-

"အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အဓိကကျသောအကြောင်းရင်းတစ်ရပ် ဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးပြိုင်ဆိုင်မှုတွင်လည်း စက်မှုကဏ္ဍရေရှည်တည်တံ့နိုင်ရန်အတွက် တွန်းအားတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် တည်ထောင်ရန်အတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ်သည် ဈေးကွက်စီးပွားရေး ပြိုင်ဆိုင်မှုခေတ်တွင် ကောင်းစွာယှဉ်ပြိုင် နိုင်စွမ်းမရှိသေးသည့်အတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေသစ်များ ပေါ်ထွက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း" ပြောကြားခဲ့ပါသည်။[64]

၆၇။ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည့် ဥပဒေတစ်ခုဖြစ်သည့်အပြင် ကဏ္ဍအသီးသီးတွင် တီထွင်ဆန်းသစ်မှုများ ပိုမိုဖြစ်ပေါ်လာစေရန် အားပေးသည့် ဥပဒေတစ်ခုလည်းဖြစ်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက "ဒီဥပဒေမရှိသေးတဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ဒီကိုလာဖို့စိုးရိမ်တယ်၊ စောင့်ကြည့်နေကြတယ်" ဟု ပြောကြားခဲ့သည်။[65]

၆၈။ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းပြီးပါက ပြည်တွင်းဆော့ဖ်ဝဲရေးသားသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်သည်။

"မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းပြီးရင် ကိုယ့်ဘက်ကလည်း အခွင့်အရေးတွေ ရလာနိုင်သလို တစ်ဖက်က အခမဲ့ရနေတဲ့ ဆော့ဖ်ဝဲတွေကိုလည်း လိုင်စင်နဲ့ဝယ်သုံးရဖို့ရှိတယ်။ ဒါပေမယ့်

[64] အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေသစ်များ ပေါ်ထွက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ မြန်မာ့အလင်း၊ နေပြည်တော်၊ မတ် ၁၀၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက်၊ စာ- ၂။

[65] ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းပြီး ၂ နှစ်အတွင်း ကုန်အမှတ်တံဆိပ်အားလုံး မူပိုင်ခွင့် ပြန်တင်ရန်လို၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၃၊ The Voice Weekly။ (viewed 12$^{th}$ May 2015)

ဒီဥပဒေထွက်ပြီးချိန်မှာ တစ်ဖက်က ဝယ်သုံးဖို့ကို အချိန် ထပ်ဆိုင်းပေးမလားဆိုတာတော့ ရှိကောင်းရှိနိုင်တယ်" ဟုလည်းပြောကြားခဲ့သည်။[66]

၆၉။ ပြည်ပရင်းနှီးမြှုပ်နှံသူများအဖို့ ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ စိစစ်လေ့လာရာတွင် ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်သော နိုင်ငံတွင် ကုန်အမှတ်တံဆိပ် (Trade Mark)၊ တီထွင်မှုမူပိုင်ခွင့် (Patent)၊ အနုပညာ မူပိုင်ခွင့် (Copyright)နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် (Industrial Design) စသည့် ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်သော ဥပဒေများ ပြဋ္ဌာန်းထားမှုရှိခြင်း၊ မရှိခြင်းသည် အရေးပါသောကောက်ချက်တစ်ရပ်ဖြစ်သည်။[67] ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းမောင် (စစ်တွေ) က-

"ဉာဏပစ္စည်းဥပဒေဆိုတာ သူများတွေက ကိုယ့်ဆီက မခိုးနိုင်အောင် ကာကွယ်တာဖြစ်သလို ကိုယ်ကလည်း သူများဆီက မခိုးတာပါ။ဓားလည်းဖြစ်ပါတယ်။ ဒိုင်းလည်းဖြစ်ပါတယ်။[68] နိုင်ငံတကာ ကုမ္ပဏီတွေက နိုင်ငံတစ်ခုမှာ ရင်းနှီးမြှုပ်နှံမှု လုပ်သည့်အခါ တစ်အချက်က ယင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအတွက် ဥပဒေရှိသလား ကြည့်ကြောင်း၊ နှစ်အချက်က အဆိုပါ နိုင်ငံတွင် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ဥပဒေရှိသလားကြည့်ကြောင်း၊ လောလောဆယ်တွင် ၎င်းဥပဒေ မရှိသေးသည့်အတွက် လှည့်ပြန်သွားသူတွေရှိကြောင်း" ပြောကြားခဲ့ပါသည်။[69]

၇၀။ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေ မြန်မြန်ဆန်ဆန်ထွက်ရှိလာလျှင် မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍတွင် အခက်အခဲရှိလာနိုင်ကြောင်း UMFCCI မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာန ဒုတိယ အမှုဆောင်အရာရှိ ဒေါ်ဇာဇာတင်ထွဋ်က-

"လက်ရှိပညာရေးကဏ္ဍမှာ အရေးကြီးတဲ့ အကိုးအကားစာအုပ်တွေ၊ စာရွက်စာတမ်းတွေကို အလွယ်တကူ ရယူနိုင်သော်လည်း အဆိုပါဥပဒေ ပေါ်ထွက်လာပါက ပညာရပ်ဆိုင်ရာစာအုပ်၊

---

[66] ပြည်တွင်းတွင် ယခုနှစ်အတွင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေ၊ မဇ္ဈိမ၊ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ available from; http://www.mizzimaburmese.com (viewed 18th March 2015)

[67] ဦးသန်းမောင် (စစ်တွေ)၊ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ဥပဒေဆောင်းပါးများ ၊ တတိယအကြိမ်၊ ၂၀၁၆ခုနှစ်၊ ဧပြီလ၊ Wisdom House စာအုပ်တိုက်၊ စာ-၄၃၊၄၄။

[68] ခင်ဆုဝေ၊ ရေးဆွဲနေတဲ့ မူပိုင်ခွင့်ဥပဒေအသစ် ကြိုဆိုပွဲ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပခဲ့၊ ၂၀၁၄ခုနှစ်၊ မတ်လ ၁ ရက်၊ မြန်မာတိုင်းမ်၊ available from; http://www.mmtimes.com (viewed 12th May 2015)

[69] ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ဥပဒေပြဋ္ဌာန်းရန် WIPO က နောက်ထပ် ရှစ်နှစ် သက်တမ်းတိုးပေး၊ Daily Eleven, 2013 July 5, available from; http//www.ict.com.mm (viewed 26th May 2015).

စာရွက်စာတမ်း၊ အကိုးအကားတို့ကို အလွယ်တကူမရနိုင်တော့သည့် အခက်အခဲများ ဖြစ်လာနိုင်ကြောင်း” ပြောကြားခဲ့သည်။[70]

**နိဂုံး**

၇၁။ ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အဓိကကျသော အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးပြိုင်ဆိုင်မှုတွင်လည်း စက်မှုကဏ္ဍရေရှည်တည်တံ့နိုင်ရေးအတွက် တွန်းအားတစ်ခုဖြစ်ပါသည်။ ဉာဏပစ္စည်း မူပိုင်ခွင့်ဥပဒေသည် ကဏ္ဍအသီးသီးတွင် တီထွင်ဆန်းသစ်မှုများ ပိုမိုဖြစ်ပေါ်လာစေရန် အားပေးသည့်ဥပဒေတစ်ခုဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေအား ခေတ်မီမူပိုင်ခွင့်ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် အလွန်ပင်အရေးကြီးလျက်ရှိပါသည်။

---

[70] ဉာဏပစ္စည်းမူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းပြီး ၂ နှစ်အတွင်း ကုန်အမှတ်တံဆိပ်အားလုံး မူပိုင်ခွင့် ပြန်တင်ရန်လို၊ ရန်ကုန်၊ ဖေဖော်ဝါရီ ၃၊ The Voice Weekly။ (viewed 12th May 2015)

## သတိပြုရန် အချက်များ

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီနောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနနှင့်စာကြည့်တိုက်ဌာနအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည် -


သုတေသနနှင့်စာကြည့်တိုက်ဌာန -

ဇမ္ဗူသီရိဆောင် - ပထမထပ်

တယ်လီဖုန်း - ၀၆၇-၅၉၁၂၇၆

၀၆၇-၅၉၁၄၁၇

Research Dept; Email - research.pds@gmail.com